# ဘေးဒဏ်ခံ လူထုအား တာဝန်ခံယူမှုရှိခြင်း/ ရပ်ရွာလူထုနှင့် လက်တွဲ ဆောင်ရွက်ခြင်း (AAP/CE) လုပ်ငန်း အဖွဲ့ အစည်းအဝေး၏ အနှစ်ချုပ် မှတ်တမ်း (ဧပြီလ၊ ၂၀၂၂ ခုနှစ်)

| | |
|---|---|
| **နေ့စွဲ/ အချိန်နှင့် နေရာ** | ၂၇ ဧပြီလ ၂၀၂၂ ခုနှစ်၊ မွန်းလွဲ ၄ နာရီမှ ၅ နာရီခွဲ (MS Teams အွန်လိုင်း ပလက်ဖောင်းမှ တွေ့ဆုံခြင်း) |
| **လုပ်ငန်းအဖွဲ့ သဘာပတိ၊ ပူးတွဲ-သဘာပတိ** | **WFP** အဖွဲ့မှ (Michelle Sanson)၊ **Plan International** အဖွဲ့မှ (Angelo 'Enan' Melencio) |
| **တက်ရောက်သူများ** | အစည်းအဝေး တက်ရောက်သူ စာရင်းအား OCHA အဖွဲ့မှ ထိန်းသိမ်းထား ပါသည်။ |

| **အစည်းအဝေး အကြောင်းအရာများနှင့် ဆွေးနွေးမှု အနှစ်ချုပ်** | **လုပ်ဆောင်ရမည့် အချက်များ** |
|---|---|
| **၁။ ကြိုဆိုခြင်း**<br><br>AAP/CE လုပ်ငန်းအဖွဲ့ ပူးတွဲ သဘာပတိတို့သည် အစည်းအဝေး အကြောင်းအရာများအား တင်ပြခဲ့ပါသည်။<br><br>Protection Cluster ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့ အတွက် AAP ဆိုင်ရာ အကြံပေး အရာရှိသစ် ဖြစ်သူ Gil Francis Gabuan Arevalo (arevalo@unhcr.org) အား မိတ်ဆက်ခဲ့ပါသည်။ | |
| **၂။ မတ်လ အစည်းအဝေး မှတ်တမ်း**<br><br>လုပ်ငန်းအဖွဲ့ဝင်များမှ အကြံပြုချက်များ/ သဘောထား မှတ်ချက်ပေးခြင်းများ မရှိသဖြင့် ၂၀၂၂ ခုနှစ်၊ မတ်လ အစည်းအဝေး မှတ်တမ်း အနှစ်ချုပ်အား အတည်ပြုခဲ့ပါသည်။ အစည်းအဝေး မှတ်တမ်းအား MIMU အင်တာနက် စာမျက်နှာတွင် တင်ထားမည် ဖြစ်ကာ ၎င်းအင်တာနက် လင့်အား လုပ်ငန်းအဖွဲ့ဝင်များအား ပေးဝေပါလိမ့်မည်။ | **#OCHA အဖွဲ့ အနေဖြင့် မတ်လ အစည်းအဝေး အနှစ်ချုပ်အား အင်တာနက် တင်ရန်။** |
| **၃။ အဖွဲ့ဝင်များ ရှင်းလင်းတင်ပြခြင်း – GiHA presentation on Gender Profile 2021**<br><br>**– ၂၀၂၁ ခုနှစ်၊ ကျားမရေးရာ စုစည်းဖော်ပြချက်အား GiHA မှ တင်ပြဆွေးနွေးခြင်း**<br><br>လူသားချင်း စာနာထောက်ထားမှု လုပ်ငန်း အတွင်းရှိ ကျားမရေးရာ (GiHA) အလေ့အထကောင်းများအား ကျင့်သုံးသည့် အဖွဲ့အစည်း အသိုက်အဝန်း Community of Practice (CoP) သည် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းရှိ ကျားမရေးရာ စုစည်းဖော်ပြချက်ကို တင်ပြဆွေးနွေးခဲ့ပါသည်။ GiHA profile တွင် ကျားမရေးရာနှင့် ဆက်စပ်သော အခင်းအကျင်းအား ခြုံငုံဖော်ပြခြင်း၊ လက်ရှိနှင့် အတိတ်မှ ကြိုးပမ်း ဆောင်ရွက်ချက်များအား သုံးသပ်ဆင်ခြင်ခြင်း အပြင် မဟာဗျူဟာမြောက် ရည်မှန်းချက် ပန်းတိုင်များနှင့် လုပ်ငန်းဆောင်တာများ ပါဝင်ပါသည်။ Profile သည် AAP ဘေးဒဏ်ခံ လူထု အပေါ် တာဝန်ခံမှု ရှိရေး ဆိုင်ရာ အပိုင်းကိုလည်း အထူးပြု ဖော်ပြထားကာ ၎င်းတွင် AAP ဆိုင်ရာ လုပ်ငန်းစဉ်များ သာမက ရပ်ရွာလူထု အသိုက်အဝန်းနှင့် ဆက်သွယ်ပြောဆိုမှုများ အားကောင်းရန် လိုအပ်ကြောင်း သတ်မှတ်ဖော်ပြထားပါသည်။<br><br>GiHA CoP သည် လက်ရှိအချိန်တွင် ၂၀၂၂ ခုနှစ်အတွက် gender profile ကျားမရေးရာ စုစည်းဖော်ပြချက်အား update အချက်အလက်သစ်များ ထည့်သွင်းရန် ဆောင်ရွက်နေသည် ဖြစ်ရာ ပရိဂရမ် လုပ်ငန်းစဉ်များနှင့် သတင်း အချက်အလက် လိုအပ်မှုများ အပေါ် ပိုမို အထောက်အပံ့ ဖြစ်စေမည့် gender profile အခင်းအကျင်းအား မည်သို့ ရေးဆွဲတည်ဆောက်ရန် အလို့ငှာ AAP လုပ်ငန်းအဖွဲ့မှ သဘောထား အမြင်များနှင့် အကြံပြု တိုက်တွန်းမှုများအား တောင်းခံခဲ့ပါသည်။<br><br>ကိုဗစ်-၁၉ ကပ်ရောဂါ ကာလနှင့် အာဏာသိမ်းမှုကာလ၌ gender profile အတွက် အကြံညာဏ် တောင်းခံဆွေးနွေးမှုများ ပြုလုပ်သည့် လုပ်ငန်းစဉ်တွင် (ဖုန်းမှတဆင့် ဆက်သွယ် မေးမြန်းဆွေးနွေးခြင်း ကဲ့သို့) | |

| | |
|---|---|
| အကန့်အသတ်များ ရှိခဲ့ကြောင်းနှင့် ထိုသို့သော methodology နည်းနာဖြင့် အကြံဉာဏ် တောင်းခံခဲ့ခြင်းသည် ဖုန်းမရှိသောသူများနှင့် နားမကြားနိုင်သူများအား ဖယ်ကြဉ်သကဲ့သို့ ဖြစ်ကြောင်း အသိအမှတ်ပြုရန် လိုအပ်ချက် ရှိသည့် အပေါ် မှတ်ချက်ပေး ပြောကြားခဲ့ပါသည်။<br><br>ထိုအကြောင်းအရာများအာ အသေးစိတ် သိရှိလိုပါက တင်ပြဆွေးနွေးမှု slides များအား ကျေးဇူးပြု၍ ကိုးကား လေ့လာပါ။ မေလ ၁၃ ရက်နေ့တွင် GiHA CoP အစည်းအဝေး တစ်ရပ် ရှိမည် ဖြစ်ပြီး 2022 gender profile တွင် အကြံပြုချက်များ ပေါင်းစပ်ပါဝင်နိုင်ရန် အလို့ငှာ AAP လုပ်ငန်းအဖွဲ့ဝင်များ အနေဖြင့် ထိုအစည်းအဝေး မစတင်မီ အကြံပြု ဆွေးနွေးကြဖို့ အကြံပြုပါသည်။ | |
| **၄။ ရပ်ရွာလူထု အသံ ဆိုင်ရာ ပလက်ဖောင်း အတွက် တင်ပြဆွေးနွေးမှုများ**<br><br>**– Community Voices Platform updates**<br><br>AAP ၏ ပူးတွဲ သဘာပတိသည် Community Voices Platform နှင့် ဆက်စပ်၍ တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကာ အောက်ဖော်ပြပါ အချက်များအား အထူးပြု ပြောကြားသွားပါသည်။<br>• ၎င်း၏ ရည်ရွယ်ချက်များမှာ နိုင်ငံအဝှမ်းရှိ လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများအား လမ်းညွှန်မှု ပေးနိုင်ရန်နှင့် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချရေး၊ ပရိုဂရမ်လုပ်ငန်းများ ပြင်ဆင်ပြောင်းရေးနှင့် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများ အခြေခံ မူအတိုင်း၊ ထိထိရောက်ရောက် ဆောင်ရွက်ရေးတို့၌ အထောက်အပံ့ ဖြစ်စေရန် အလို့ငှာ ဘေးဒဏ်ခံ ရပ်ရွာလူထု အသိုက်အဝန်းအား ပံ့ပိုးပေးရန် ဖြစ်ပါသည်။<br>• Community Voices Platform တွင် အပိုင်းသုံးပိုင်း ပါဝင်ပြီး ၎င်းတို့မှာ Community voices ရပ်ရွာလူထု အသံ၊ Recommendations for actions and Corrective actions အရေးယူ ဆောင်ရွက်ရေးနှင့် အမှားပြင်ဆင် မွမ်းမံရေး လုပ်ငန်းဆောင်တာများ အတွက် အကြံပြု တိုက်တွန်းချက်များ ဖြစ်ပါသည်။<br><br>၎င်းနှင့် ဆက်စပ်သော အဓိက documents ဖတ်မှတ်ဖွယ်ရာများအား ဆန်းစစ်သုံးသပ်ရန်နှင့် သဘောထား မှတ်ချက်ပေးရန် တောင်းဆိုကြသည့် လုပ်ငန်းအဖွဲ့ဝင်များထံ ပေးပို့ထားပါသည်။ အရင်းအမြစ် အသစ်ရရှိရေး ကြိုးပမ်းဆောင်ရွက်ချက်များ mobilizing resources ကဲ့သို့ လုပ်ငန်းစဉ်များ အပါအဝင် လုပ်ငန်းအကောင်အထည် ဖော်ဆောင်နိုင်ရေး operationalization အတွက် ရှေ့ဆက် ဆောင်ရွက်မည့် ခြေလှမ်းများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ | **#Members အဖွဲ့ဝင်များ အနေဖြင့် ပေးပို့ထားသည့် documents များ အပေါ် သဘောထား မှတ်ချက်ပေးရန်။**<br><br>**#Members အဖွဲ့ဝင်များ အနေဖြင့် ပလက်ဖောင်း၏ operationalization အား ပံ့ပိုးနိုင်ရန် အရင်းအမြစ်များ ရှိမရှိကို ဖော်ပြရန်။** |
| **၅။ ဆန်းစစ်လေ့လာခြင်း/ စောင့်ကြည့်ခြင်း (MSNA, HRP, MHF)**<br><br>**– Assessment/Monitoring (MSNA, HRP, MHF)**<br><br>AAP ပူးတွဲ သဘောပတိတို့သည်<br><br>REACH သည် ကဏ္ဍပေါင်းစုံ လိုအပ်ချက် ဆန်းစစ်လေ့လာမှု Multi-Sectoral Needs Assessment (MSNA) တစ်ရပ်အား ဖုန်းအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် စစ်တမ်းကောက်ယူရန် စီစဉ်နေပါသည်။ ပူးတွဲ သဘာပတိတို့သည် အောက်ဖော်ပြပါ AAP နှင့် ဆက်စပ်၍ ဆန္ဒရှိလိုလားသည့် အခင်းအကျင်း အကြောင်းကို ဆွေးနွေးခဲ့ပါသည်။<br><br>• လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့နှင့် ဆက်စပ်သော သတင်း အချက်အလက်များ လက်ခံရရှိရာတွင် ပိုမိုလိုလားသော နည်းလမ်းများ<br>• လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့နှင့် ဆက်စပ်သော သတင်း အချက်အလက်များ | **#Co-chairs အနေဖြင့် REACH ထံမှ MSNA မေးခွန်း ဒီဇိုင်းများ ရရှိသည်နှင့် ၎င်းတို့အား ပေးပို့ မျှဝေရန်** |

| | |
|---|---|
| ပေးပို့ရာတွင် ပိုမိုလိုလားသော နည်းလမ်းများ<br>• အထောက်အပံ့ပေးသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြောဆိုရာတွင် ပိုမို လိုလားသည့် ဘာသာစကား အသုံးအနှုန်း<br>• အထောက်အပံ့ပေးသည့် လုပ်သားများ၏ အမူအကျင့်အား မည်သို့ မှတ်ယူလက်ခံကြသည်<br><br>လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ တုံ့ပြန်ကူညီရေး အစီအစဉ် Humanitarian Response Plan (HRP) နှင့် လူသားချင်း စာနာထောက်ထားမှု ရန်ပုံငွေ Myanmar Humanitarian Fund (MHF) တို့တွင် AAP ဆိုင်ရာ ညွှန်းကိန်းများ ပါဝင်ကာ ထိုညွှန်းကိန်းများအား ကဏ္ဍပေါင်းစုံ လိုအပ်ချက် ဆန်းစစ်လေ့လာမှု Multi-Sectoral Needs Assessment (MSNA) တွင် တတ်နိုင်သမျှ အများဆုံး ထည့်သွင်းပါဝင်စေရပါလိမ့်မည်။ စွမ်းဆောင်ရည်မြင့်တင်ရေးနှင့် ပတ်သက်သော capacity-building HRP ရှိ ညွှန်းကိန်း အတွက် အဖွဲ့အစည်းများအား စစ်တမ်း တစ်ရပ် စီစဉ်ကောက်ယူပါလိမ့်မည်။ ညွှန်းကိန်းနှင့် ဆက်စပ်၍ အစီရင်ခံရာတွင် အသုံးပြုနိုင်မည့် အချက်အလက်များအား ကောက်ယူနိုင်ရေး အတွက် လုပ်ငန်းအဖွဲ့ဝင်များကိုလည်း မေးမြန်းခဲ့ပါသည်။<br><br>REACH မှ MSNA ဆိုင်ရာ မေးခွန်းများ လက်ခံရရှိသည်နှင့် တပြိုင်နက် ဆက်လက် ဆွေးနွေးနိုင်ရန် အလို့ငှာ MSNA ဆိုင်ရာ မေးခွန်း ဒီဇိုင်းအား ပူးတွဲ သဘာပတိတို့က ဝေမျှပါလိမ့်မည်ဟု မှတ်ချက်ပေးခဲ့ပါသည်။ | |
| **၆။ AAP/CE လုပ်ငန်းအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ရေး/ ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များ**<br><br>**AAP/CE WG coordination/ work in progress**<br><br>**အေဂျင်စီ အဖွဲ့အစည်းများ၏ AAP ဆိုင်ရာ focal points ပင်မ ဆက်သွယ်နိုင်မည့် ပုဂ္ဂိုလ်များ –** Community Feedback Mechanism ရပ်ရွာအခြေပြု သဘောထားမှတ်ချက် ပေးရေး စနစ်ယန္တရား အတွက် ပင်မ ဆက်သွယ်နိုင်မည့် ပုဂ္ဂိုလ် တစ်ဦးအား ပေးထားသည့် ဖောင်၌ သတ်မှတ်ဖော်ပြပေးရန် အဖွဲ့ဝင်များအား အသိပေးခဲ့ပါသည်။<br><br>**Viber groups** – Viber group တစ်ခု ဖန်တီးရေးနှင့် ဆက်စပ်၍ မတူကွဲပြားသော သဘောထား အမြင်များ ပါဝင်သည့် သဘောထား စာတမ်း တစ်ခုကို အဖွဲ့ဝင်များ အကြား ပေးဝေခဲ့ပါသည်။ Viber group ၏ admin တာဝန် ထမ်းဆောင်ရန် မိမိကိုယ်ကို ဆန္ဒပြုသည့် participants ပါဝင်သူများ အပေါ်တွင် အခြေခံ၍သာ Viber group ဖွဲ့ရန် လိုလားကြောင်း လုပ်ငန်းအဖွဲ့ဝင်များက ညွှန်းဆိုဖော်ပြခဲ့ကြပါသည်။<br><br>**ပြည်နယ်တိုင်း အဆင့် ညှိနှိုင်းဆောင်ရွက်ရေး –** PSEA နှင့် AAP ဆိုင်ရာ ပြည်နယ်တိုင်း အဆင့် ညှိနှိုင်းဆောင်ရွက်ရေး အတွက် မတူကွဲပြားသော သဘောထား အမြင်များ ပါဝင်သည့် မှတ်စု တစ်စောင်ကို အဖွဲ့ဝင်များ အကြား ပေးပို့ခဲ့ပါသည်။ ပြည်နယ်တိုင်း အဆင့် လုပ်ဖော်ကိုင်ဖက်များသည် ၎င်းတို့ ပြည်နယ်တိုင်း အဆင့် ဆွေးနွေးမှုများတွင် ဦးဆောင်ရန်နှင့် ၎င်းတို့၏ အခင်းအကျင်း အလိုက် သင့်လျော်သော ဖွဲ့စည်းပုံ အတွက် ဆုံးဖြတ်ချက် ချနိုင်ရန် ၎င်းတို့အား ဖိတ်ကြားခဲ့ပါသည်။ အကယ်၍ လိုအပ်ပါက နိုင်ငံအဆင့် ညှိနှိုင်းဆောင်ရွက်ရေးမှူးများသည် ဆွေးနွေးမှု၌ ပါဝင်ပံ့ပိုးပေးနိုင်ပါသည်။<br><br>နိုင်ငံအဆင့် PSEA ကွန်ရက် အစည်းအဝေးအား မေလ ၅ ရက်နေ့တွင် ကျင်းပမည် ဖြစ်ကြောင်းနှင့် ထိုအကြောင်းအရာအား အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းထားကြောင်း ဆိုပါသည်။ ပူးတွဲ သဘာပတိတို့သည် ပြည်နယ်တိုင်း အဆင့် အစည်းအဝေး၌ စနစ်ကျသော နည်းပညာ ပံ့ပိုးမှု ပေးရန် လိုအပ်ကြောင်း အထူးပြု ပြောကြားခဲ့ပါသည်။<br><br>**Self-paced သင်တန်း –** WFP သည် interagency AAP သင်တန်းအား မြန်မာဘာသာ စကားဖြင့် ပို့ချသော အွန်လိုင်း self-paced သင်တန်း အဖြစ် ပြောင်းလဲသည့် လုပ်ငန်းစဉ်အား ပံ့ပိုးပါလိမ့်မည်။ ၎င်းသင်တန်းအား ဖန်တီးပြီးသည်နှင့် platform hosting ၏ ပထမ လေးလအတွက် စားနပ်ရိက္ခာ လုံခြုံရေး အစုအဖွဲ့ဝင်များအား | **#Members အဖွဲ့ဝင်များသည် ၎င်းတို့၏ ရပ်ရွာအခြေပြု feedback mechanism အတွက် Focal Point တစ်ဦးအား သတ်မှတ် ခန့်အပ်ရန်။**<br><br>**#Co-chairs ပူးတွဲ သဘာပတိတို့သည် Viber Group အတွက် volunteer တစ်ဦး သတ်မှတ်ရာထားနိုင်ရေး အတွက် သင်တန်း တက်ရောက်သူများကို ဆက်သွယ်ရန်။**<br><br>**#Members အဖွဲ့ဝင်များသည် ပူးတွဲ သဘာပတိတို့အား လွှဲပြောင်းရေး လမ်းကြောင်း ဆိုင်ရာ အချက်အလက်များ မျှဝေရန်။** |

| | |
|---|---|
| အလေးပေးမည် ဖြစ်ပြီး ထိုနောက်မှသာ အခြား အစုအဖွဲ့ဝင်များအား platform တွင် ပါဝင်ရန် ဖိတ်ခေါ်မည် ဖြစ်ပါသည်။ ၎င်းတွင် ပါဝင်တက်ရောက်မည့် ကုန်ကျစရိတ်မှာ တက်ရောက်ရန် စာရင်းပေးသူ ၄၀ အတွက် ၇၉ ဒေါ်လာ ဖြစ်ပါသည်။<br><br>**Referral pathways လွှဲပြောင်းရေး လမ်းကြောင်းများ –** အစုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ အတွက် လွှဲပြောင်းရေး လမ်းကြောင်းများအား အသစ်ပြင်ဆင်ထားသည့် အချက်အလက်များကို ပေးဝေမျှဖို့ အဖွဲ့ဝင်များကို တောင်းဆိုခဲ့ပါသည်။ ပြည်နယ်တိုင်း အဆင့်ရှိ အချို့ အစုအဖွဲ့များ/ အဖွဲ့အစည်းများ အတွက် စနစ်တကျ လွှဲပြောင်းရေး လမ်းကြောင်းများ မရှိကြောင်း အဖွဲ့ဝင်များက မှတ်ချက်ပြုခဲ့ကြပါသည်။ CwC အုပ်စုသည် အခြားပြည်နယ်တိုင်းများမှ အပ စစ်တွေ၌ အားကောင်းကြောင်းနှင့် လွှဲပြောင်းရေး လမ်းကြောင်းများ ဖော်ဆောင်ရန် အတွက် အခြားအဖွဲ့အစည်းနှင့် တွေ့ဆုံ အစည်းအဝေးများ ပြုလုပ်ရန် လိုအပ်ကြောင်း အထူးပြု ပြောကြားခဲ့ပါသည်။ အဖွဲ့အစည်းများစွာ၌ AAP ဆိုင်ရာ focal point ပင်မ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ မရှိသေးသည် ဖြစ်ရာ ထိရှလွယ်သော အမှုတွဲများအား လွှဲပြောင်းရေးနှင့် ပတ်သက်၍ စိန်ခေါ်မှု အခက်အခဲ ရှိနိုင်ပါသည်။ ထိုဆွေးနွေးမှုအား PSEA နှင့် ချိတ်ဆက်ရန် အရေးကြီးကြောင်း GiHA CoP က မှတ်ချက်ပြုခဲ့ပါသည်။ AAP focal points အတွက် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လွှဲပြောင်းရေး လမ်းကြောင်းတို့သည် အရေးကြီးသလို ၎င်းလမ်းကြောင်းတို့အား မည်သို့ အသုံးချရမည် ဆိုသည်ကို သိရန် အရေးကြီးပါသည်။<br><br>**IASC (Inter-Agency Standing Committee) statement ထုတ်ပြန်ချက် –** ဧပြီလ ၄ ရက်နေ့တွင် IASC သည် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်း၌ ဘေးဒဏ်ခံ လူထု အပေါ် တာဝန်ခံမှု ရှိစေရေး ဆိုင်ရာ ပေါင်းစု ကတိကဝတ်အား ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုထုတ်ပြန်ချက်သည် IASC အခြေခံမူများနှင့် ကိုက်ညီမှု ရှိကာ ၎င်းအား အေဂျင်စီ အဖွဲ့အစည်းများစွာ၏ အကြံပြု ဆောင်ရွက်ချက်များနှင့် မူကြမ်းရေးဆွဲခဲ့ပါသည်။ အထူးသဖြင့် ထုတ်ပြန်ချက်သည် ဘေးဒဏ်ခံ လူထုအား ပထမဆုံး တုံ့ပြန်ဆောင်ရွက်သူများနှင့် အဆင့်တန်းတူညီမှု ရှိသော မိတ်ဖက်များ အဖြစ် ဦးစားပေး အလေးထား ဖော်ပြခြင်း၊ ၎င်းတို့အား လူသားချင်း စာနာထောက်ထားမှု ညှိနှိုင်းဆောင်ရွက်ရေး စနစ်၌ ပိုမို၍ အလုံးစုံ ပါဝင်ရေးနှင့် ငွေကြေးရန်ပုံငွေ ထောက်ပံ့မှု စည်းမျဉ်းစည်းကမ်းများ ပြောင်းလွယ်ပြင်လွယ်ရှိရေးအတွက် တောင်းဆိုခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတွင်း အဖွဲ့အစည်းများ၊ အစိုးရ အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအား မီးမောင်းထိုး ဖော်ပြခြင်းနှင့် ဘေးဒဏ်ခံ လူထု၏ အကြံပြု ညွှန်ပြချက်များအား လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းမှ တဆင့် တိတိကျကျ လိုက်နာခြင်းတို့ ပါဝင်ပါသည်။ | |
| **၇။ တင်ပြဆွေးနွေးချက်များ**<br><br>UN Women အဖွဲ့သည် perception survey သဘောထား အမြင် ကောက်ယူသည့် စစ်တမ်းအား update လုပ်ခဲ့ကာ ၎င်းအား ဆန်းစစ်သုံးသပ်ရန် ရည်ရွယ်၍ AAP/CE လုပ်ငန်းအဖွဲ့အား ပေးပို့ပါလိမ့်မည်။<br><br>Mine Action AoR က မိုင်းအန္တရာယ် ပညာပေးရေး လိုအပ်ချက်များ တိုးလာကြောင်း ဖော်ပြခဲ့ပါသည်။<br><br>အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးမှုများ – ပူးတွဲ သဘာပတိသည် အဖွဲ့အစည်းများ၏ AAP လုပ်ငန်းများ သို့မဟုတ် အစုအဖွဲ့ cluster တို့၏ AAP လုပ်ငန်းများအား လာမည့် အစည်းအဝေး၌ ရှင်းလင်းတင်ပြရန် အဖွဲ့ဝင်များအား ဖိတ်ခေါ်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့ဝင်တိုင်း အနေဖြင့် ၎င်းတို့၏ AAP စနစ်အား အချိန်တစ်ခုခုတွင် တင်ပြဆွေးနွေးပေးရန် မျှော်လင့်ပါသည်။ ထိုသို့ရှင်းလင်းတင်ပြရန် မည်သူမျှ ဆန္ဒမပြုသေးပေ။<br><br>လိုအပ်ချက်များအား စောင့်ကြည့်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းအဖွဲ့ Needs Monitoring & Analysis Working Group တွင် AAP/CE လုပ်ငန်း အဖွဲ့ကိုယ်စား ပါဝင်တက်ရောက်ရန် Gil Francis Gabuan Arevalo က ဆန္ဒပြုခဲ့ပါသည်။ | **# Members အဖွဲ့ဝင်များသည် AAP ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဝေမျှရန် စိတ်ဝင်စားမှု ရှိမရှိ ဖော်ပြရန်။** |

| | |
|---|---|
| AAP self-paced သင်တန်း – Seng Aung Sein Myint နှင့် Lei Yee Nwayတို့သည် upload လုပ်မည့် သင်တန်းဆိုင်ရာ အကြောင်းအရာများအား recordings ရုပ်သံဖမ်းခြင်းကို ပံ့ပိုးပေးဖို့ ဆန္ဒပြုခဲ့ပါသည်။ | |

အသုံးဝင်မည့် အင်တာနက် လင့်များ

- Gender profile for humanitarian action in Myanmar 2021 (မြန်မာနိုင်ငံရှိ လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းအတွက် ကျားမရေးရာ အချက်အလက်များ၊ ၂၀၂၁ ခုနှစ်) https://asiapacific.unwomen.org/en/digital-library/publications/2021/08/gender-profile-for-humanitarian-action-in-myanmar (စာမျက်နှာ ၂၅ ၌ AAP အကြောင်း ဖော်ပြထားပါသည်။)
- Statement by Principals of the Inter-Agency Standing Committee (IASC) on Accountability to Affected People in Humanitarian Action, 14 April 2022, https://interagencystandingcommittee.org/accountability-and-inclusion/statement-principals-inter-agency-standing-committee-iasc-accountability-affected-people
- MIMU အင်တာနက် စာမျက်နှာရှိ AAP ဆိုင်ရာ အကြောင်းအရာ http://themimu.info/sector/accountability-affected-people-aap
- အီသီယိုးပီးယား ရုပ်ရှာလူထုအသံ ပလက်ဖောင်း https://www.humanitarianresponse.info/en/operations/ethiopia/inter-agency-aap
- AAP ဆိုင်ရာ အင်္ဂလိပ် – မြန်မာ ဝေါဟာရ http://themimu.info/sites/themimu.info/files/aap_public/Myanmar_AAP_CE_Glossary_ENG_MM.pdf
- အေဂျင်စီများ အကြား အသုံးပြုနိုင်သည့် မြန်မာပြန်ဆိုထားသော AAP သင်တန်းဆိုင်ရာ ရင်းမြစ်များ http://themimu.info/sector/accountability-affected-people-aap (Interagency AAP Training Package ခေါင်းစဉ်အောက်တွင် ၎င်းအား တွေ့နိုင်ပါသည်။)
- အေဂျင်စီများ အကြား အသုံးပြုနိုင်သည့် AAP သင်တန်း ရင်းမြစ်များအား မြန်မာဘာသာဖြင့် စုစည်းဖော်ပြချက် http://themimu.info/sites/themimu.info/files/aap_public/Log_of_Myanmar_Language_Interagency_Training_Materials.pdf

# Summary Note on Accountability to Affected Population/Community Engagement Working Group Meeting (April 2022)

| | |
|---|---|
| **Date/ Time & Venue** | 27 April2022, 4.00 – 5.30 PM (via MS Teams) |
| **Chair / Co-chair** | **WFP** (Michelle Sanson), **Plan International** (Angelo 'Enan' Melencio) |
| **Participants** | Attendance records stored by OCHA |

| Agenda items and summary of discussion | Action Points |
|---|---|
| **1. Welcome**<br>The AAPCEWG co-chairs presented the agenda for the meeting.<br>Gil Francis Gabuan Arevalo (arevalo@unhcr.org) was introduced, the new AAP Advisor for the Protection Cluster. | |
| **2. March meeting minutes**<br>The March 2022 meeting summary was approved without further suggestions/feedback from the WG members. The summary will be uploaded to MIMU, and the link will be shared with WG members. | **#OCHA to upload Marchmeeting summary.** |
| **3. Member presentation: GiHA presentation on Gender Profile 2021**<br>The Gender in Humanitarian Action (GiHA) Community of Practice (CoP) presented the Gender Profile for Humanitarian Action. The GiHA profile comprises an overview of the gendered context, a stocktaking of current and past efforts and critical strategic goals and actions. The Profile also includes a dedicated section on AAP, which identified that work on AAP and Communication with Communities need to be strengthened.<br>The GiHA CoP is now moving forward to updating the gender profile for 2022 and requested the WG's insights or recommendations on how to build the gender profile content to better support programming and information needs.<br>It was noted that the consultations process during COVID-19 and the coup had limitations (only conducted via phone), and the need to acknowledge this in the methodology as it means excluding those without phones and who cannot hear.<br>Please refer to the presentation slides for more information. There will be a GiHA CoP meting on 13 May and members are advised to share their inputs before then for inclusion in the 2022 gender profile. | |
| **4. Community Voices Platform updates**<br>The AAP co-chair gave an update on the Community Voices platform, notably:<br>• Objectives are to enable the affected communities to guide humanitarian action across the country, support humanitarian responders to make decisions, adapt programming, and make humanitarian action more principled and effective.<br>• The community voices platform will comprise three sections, including Community voices, Recommendations for actions and Corrective actions.<br>The key documents have been circulated with the Working Group, who are requested to review and provide comments. Further steps on the operationalization, including mobilizing resources, are being discussed. | **#Members to provide feedback on the circulated documents.**<br>**#Members to indicate if they have resources to support the operationalization of the platform** |
| **5. Assessment/Monitoring (MSNA, HRP, MHF)** | **#Co-chairs to share the design** |

| | |
|---|---|
| The AAP co-chairs noted that REACH is planning a multi-sectoral needs assessment (MSNA), involving large scale but phone survey. Co-Chairs have discussed desirable content on AAP including:<br>• Preferred ways of receiving information about humanitarian assistance<br>• Preferred ways of giving feedback about humanitarian assistance<br>• Preferred language to communicate with aid providers<br>• How they perceive the behavior of aid workers<br><br>The HRP and MHF include indicators in AAP, which will be integrated as much as possible in the MSNA. For the indicator in the HRP regarding capacity-building, a survey with organizations will be organized. Members were asked whether they are collecting data which can be used in reporting on the indicators.<br><br>Co-chairs noted that they will share the design of the MSNA questionsonce received from REACH, for further discussion. | **of the MSNA questions once received from REACH** |
| **6. AAP/CE WG coordination/ work in progress**<br><br>**Agency focal points:**Members were reminded to indicatea focal pointfor their community feedback mechanism in the circulated form.<br><br>**Viber groups:**A concept note on creating a Viber group was circulated, outlining different options as next steps. Members indicated as a preference to create thegroup based on participants volunteering to be administrators. The co-chairs will contact participants to identify volunteers.<br><br>**Sub-national coordination**: A note with different options for sub-national coordination on PSEA and AAP was shared with members.Sub-national colleagues are invited to lead this discussion at their level and decide on the appropriate structure for their context. If needed, national coordinators can join and support the discussion.<br><br>It was noted that the national PSEA Network meeting will be on 5 May, and this topic can be included in the agenda.It was highlighted that co-chairs need to provide structured technical support at the sub-national level.<br><br>**Self-paced course:** WFP will besupporting the transfer of the interagency AAP traininginto an online self-paced course in Myanmar language. Once created, the first four months of the platform hosting will be focused on reaching Food Security Cluster members, andother clusters are invited to host the platform after that. The cost is $79 per month for 40 registrations.<br><br>**Referral pathways:**Members were asked to share their updated referral pathways for clusters and working groups, soco-chairs can collate and share with members. Members noted the lack of systematic pathways for some clusters/organizations at sub-national level. It was highlighted that the CwC group is strong in Sittwe, but not in other states, and the need to initiate meetings with other organization to develop referral pathways.As manyorganizations do not have a dedicated AAP focal point, the referral of sensitive cases can be challenging. The GiHA CoP noted the importance to link this discussion with PSEA. The protection referral pathways are important for AAP focal points to have and know how to use.<br><br>**IASC statement:**On 4 April, the IASC released a statement on our collective commitments on Accountability to Affected People in Humanitarian Action. This statement has been endorsed by the IASC Principals, and was drafted with the input and attention of many agencies and | **#Members to indicate a Focal Point for their community feedback mechanism**<br><br>**#Co-chairs to contact training participants to identify a volunteer for Viber Group**<br><br>**#Members to share referral pathways with co-chairs** |

| | |
|---|---|
| organizations, who contributed to its substance. In particular, the statement prioritizes affected people as first responders and equal partners; calls for more inclusive humanitarian coordination architecture and more flexible funding mechanisms; highlights the role of local and national actors, governments and donors; and firmly commits to be instructed by crisis-affected communities throughout the humanitarian response. | |
| **7. Updates**<br>UN Women updated on the perception survey, which will be shared with the AAP/CE WG for a review.<br>The Mine Action AoR indicated that there is an increased need for Mine Action Education.<br>Member presentation: Co-chair invited members to express their interest in sharing organizations or cluster's AAP work in coming meetings. It is desirable that every member present about their AAP system at some point. No specific volunteers were received.<br>Needs Monitoring & Analysis Working Group: Gil Francis Gabuan Arevalo volunteered to participate on behalf of the AAP/CE WG.<br>AAP self-paced course: Seng Aung Sein Myint and Lei Yee Nwayvolunteered to support with recordings of content that will be uploaded. | **# Members to express interest for sharing AAP practices** |

**Useful links**

- Gender profile for humanitarian action in Myanmar 2021 https://asiapacific.unwomen.org/en/digital-library/publications/2021/08/gender-profile-for-humanitarian-action-in-myanmar(page 25 is on AAP).
- Statement by Principals of the Inter-Agency Standing Committee (IASC) on Accountability to Affected People in Humanitarian Action, 14 April 2022, https://interagencystandingcommittee.org/accountability-and-inclusion/statement-principals-inter-agency-standing-committee-iasc-accountability-affected-people
- AAP MIMU Page http://themimu.info/sector/accountability-affected-people-aap
- Ethiopia Community Voices Platform https://www.humanitarianresponse.info/en/operations/ethiopia/inter-agency-aap
- AAP English – Myanmar AAP glossary http://themimu.info/sites/themimu.info/files/aap_public/Myanmar_AAP_CE_Glossary_ENG_MM.pdf
- Interagency Myanmar language AAP training package http://themimu.info/sector/accountability-affected-people-aap (under the heading Interagency AAP Training Package)
- Log of interagency Myanmar language AAP training resources http://themimu.info/sites/themimu.info/files/aap_public/Log_of_Myanmar_Language_Interagency_Training_Materials.pdf